# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ဥက္ကဋ္ဌ၏ သဝဏ်လွှာ ........................................................... | ၁ |
| ၂။ | ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာ........................................................... | ၃ |
| ၃။ | Grand Guardian Insurance Public Co., Ltd. စတင်ဖွင့်လှစ်ခြင်း ...................... | ၅ |
| ၄။ | အာမခံလုပ်ငန်းဆောင်ရွက်ခြင်း(Services & Products)................................... | ၁၅ |
| ၅။ | လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများ(Business Activities)...................... | ၁၈ |
| ၆။ | Business Strategic Partners........................................................... | ၂၃ |
| ၇။ | Risk Management........................................................... | ၂၇ |
| ၈။ | အတိုင်ပင်ခံအဖွဲ့အစည်းများ........................................................... | ၂၉ |
| ၉။ | လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆောင်ရွက်ချက်များ........................................ | ၃၁ |
| ၁၀။ | ရင်းနှီးမြှုပ်နှံမှု........................................................... | ၃၃ |
| ၁၁။ | ဘဏ္ဍာရေးရှင်းတမ်း........................................................... | ၃၅ |

## ▶▶ မျှော်မှန်းချက်

အသက်အိုးအိမ်စည်းစိမ် လုံခြုံစိတ်ချကြွယ်ဝစေမည့် လူနေမှု ဘဝပတ်ဝန်းကျင်တည်ဆောက်ရန်။

## ▶▶ နည်းလမ်း

အရည်အသွေးမြင့် နိုင်ငံတကာအဆင့်မီ အာမခံအကာအကွယ်များပေး၍ အမြဲတစေလုပ်ငန်းစွမ်းဆောင်ရည်မြင့်မားအောင် လုပ်ကိုင်ရန်။

## ▶▶ တန်ဖိုး

### ဂုဏ်သိက္ခာ

မိမိပေးထားသည့် ကတိကဝတ်များကို အပြည့်အဝဖြည့်စွမ်းပေးခြင်းဖြင့် Customer များ၏ ယုံကြည်မှုတည်ဆောက်ရန်၊

### Customer ကို တန်ဖိုးထားဂရုစိုက်ခြင်း

Customer များ၏ ဆန္ဒမှန်သမျှကို ပြည့်ဝစေမည့် လုပ်ငန်းအစီအမံများချမှတ်၍ ယင်းတို့အားမိတ်ကောင်း၊ ဆွေကောင်းအဖြစ် အရေးပေးဆက်ဆံခြင်းဖြင့် ထာဝရ ရင်းနှီးချစ်ခင်မှု တည်ဆောက်ရန်၊

အာမခံထားရာတွင်လည်းကောင်း၊ လျော်ကြေးပေးရာတွင်လည်ကောင်း အကောင်းဆုံး အကြံဉာဏ်ပေး၍ အချိန်တိုတိုအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးခြင်းဖြင့် Customer ကို အလေးထားဂရုပြု၍ဆက်ဆံရန်၊

### တိုးတက်လိုသောဆန္ဒ

အမြဲတစေသင်ယူလိုသည့်စိတ်ဓါတ်၊တိုးတက်မှုရှိလိုသောဆန္ဒ၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှုအတွက် ရင်းနှီးမြုပ်နှံ၍ ညီညွတ်သော သင်းဖွဲ့စိတ်ဓါတ်ဖြင့် ကုမ္ပဏီ၏အနာဂတ်တိုးတက်မှုကို အမြဲအရဖော်ဆောင်ရန်၊

### ရိုးရှင်းလွယ်ကူမှု

အာမခံထားရာတွင်လည်းကောင်း၊ လျော်ကြေးတောင်းခံရာတွင်လည်းကောင်း၊ရိုးရှင်းလွယ်ကူဖြောင့်မတ်မှန်ကန်မှုကို အမြဲကာထားရန်၊



Grand Guardian Insurance Public Co., Ltd. နှင့် အာမခံထားကြသည့် Customer များ၊ အစုရှယ်ယာရှင်များ နှင့် မိတ်ဆွေသင်္ဂဟများအား မင်္ဂလာအပေါင်းနှင့် ခညောင်း၍ နှစ်သစ်တွင်ကိုယ်စိတ်နှလုံး ရွှင်ပြုံးချမ်းမြေ့ ကြပါစေလို့ ဆုမွန်ကောင်းတောင်း၍နှုတ်ခွန်းဆက်သအပ်ပါတယ်။

၂၀၁၀ ခုနှစ်မှစ၍ ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းလာခဲ့သည်နှင့်အညီ နိုင်ငံရေး ၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုများ နှင့်တိုးတက်မှုများလည်း စဉ်ဆက်မပြတ် ဖြစ်ပေါ်လျှက်ရှိပါသည်။ ယင်းဖြစ်စဉ်များအတွင်း ငွေကြေးကဏ္ဍ Finance Sector တွင်လည်း တိုးတက်မှုများတွေ့ရှိခဲ့ပါသည်။ နှစ်ပေါင်း (၅၀)ခန့် ကြာမြင့်စွာ ပုဂ္ဂလိကကဏ္ဍမှ ဆောင်ရွက်ခွင့်မရသည့် အာမခံလုပ်ငန်းများကို ပုဂ္ဂလိကကုမ္ပဏီများအား ၂၀၁၂ ခုနှစ်တွင် လုပ်ပိုင်ခွင့်ပြုလာခဲ့ပါသည်။

Grand Guardian Insurance Public Co., Ltd. သည်လည်း နှစ်ပေါင်း ၅၀အတွင်း နိုင်ငံတော်အစိုးရမှ လုပ်ကိုင်ခွင့်ပြုခဲ့သည့် ပုဂ္ဂလိက ကုမ္ပဏီများအနက် ပထမဆုံးဖွင့်လှစ်ဆောင်ရွက်နိုင်ခဲ့သည့် ကုမ္ပဏီတစ်ခုဖြစ်ပါသည်။ ဤကဲ့သို့ အာမခံလုပ်ငန်းနယ်ပယ်တွင် ပထမဆုံးလုပ်ကိုင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရခဲ့သည့်အတွက် Grand Guardian Insurance Public Co., Ltd.အနေဖြင့် လွန်စွာမှ ဂုဏ်ယူဝမ်းမြောက်မိပါသည်။

Grand Guardian Insurance Public Co., Ltd. သည်

(က) ပြည်သူများ လူမှုရေးဒုက္ခကြုံတွေ့ရသည့်အချိန်အခါမျိုးတွင် အာမခံစနစ်ဖြင့် သက်သာခွင့်ရစေရန်

(ခ) အာမခံထားကြသည့် ပြည်သူများ၏ ဆန္ဒမှန်သမျှကို အကောင်းဆုံးဝန်ဆောင်မှုများဖြင့် ပြည့်ပြည့်ဝဝ ဖြည့်ဆည်းပေးရန်

(ဂ) နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီလိုအပ်လာမည့် အာမခံအကာအကွယ်အမျိုးမျိုးကို တိုးချဲ့ဆောင်ရွက်နိုင်ရန်

စသည့်ရည်ရွယ်ချက်များဖြင့်လုပ်ငန်းများကိုဆက်လက်အကောင်အထည်ဖော်ဆောင်သွားမည် ဖြစ်ပါသည်။

Grand Guardian Insurance Public Co., Ltd. သည် သက်တမ်းလွန်စွာနုနယ်သေးသည့် ကုမ္ပဏီဖြစ်သည့်အားလျော်စွာ အာမခံလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရာတွင် နိုင်ငံတော်အစိုးရနှင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ သတ်မှတ်ပြဌာန်းထားသည့် ဥပဒေ ၊ နည်းဥပဒေ ၊ စည်းမျဉ်းစည်းကမ်းများကို တိတိကျကျလိုက်နာ၍ ကုမ္ပဏီရေရှည်တည်တံ့ ဖွံ့ဖြိုးတိုးတက်ရေးကို မဖြစ်မနေ ကြိုးပမ်းဆောင်ရွက်ပါမည်။

Grand Guardian Insurance Public Co., Ltd. ကို မြန်မာနိုင်ငံ ကုမ္ပဏီများမှတ်ပုံတင်ညွှန်ကြားမှုဦးစီးဌာန၏ခွင့်ပြုချက်နှင့်အညီ(၁၁.၁၂.၂၀၁၂)ရက်နေ့တွင်အများပိုင်ကုမ္ပဏီအဖြစ်စတင်တည်ထောင်ခဲ့ပါသည်။ ကုမ္ပဏီကို စတင် တည်ထောင်ရာတွင် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ သတ်မှတ်ပြဌာန်းချက်နှင့်အညီ

(က) အထွေထွေအာမခံလုပ်ငန်းအတွက် မတည်ရင်းနှီးငွေ ကျပ် ၄၀ ဘီလီယံ

(ခ) အသက်အာမခံလုပ်ငန်းအတွက် မတည်ရင်းနှီးငွေ ကျပ် ၆ ဘီလီယံ

ကို အစုရှယ်ယာရှင် (၈၉)ဦးမှ ထည့်ဝင်ခဲ့ကြပါသည်။

နှစ်ပေါင်း(၅၀)အတွင်း အာမခံလုပ်ငန်းနယ်ပယ်တွင် ပထမဆုံးဖွင့်လှစ်ဆောင်ရွက်သည့် ကုမ္ပဏီတစ်ခုအဖြစ် (၁၂.၆.၂၀၁၃) ရက်နေ့ ၊ ရန်ကုန်မြို့တွင် ရုံးချုပ်ကိုစတင်ဖွင့်လှစ်ခဲ့ပြီး မန္တလေးရုံးခွဲကို (၂၀.၁.၂၀၁၄)ရက်နေ့တွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။

ဤကုမ္ပဏီ၏ Shareholder များ၊ Director အဖွဲ့ဝင်များ၊ Stakeholder များအနေဖြင့် အာမခံကုမ္ပဏီဖွင့်လှစ်၍ လုပ်ငန်းများကို လက်တွေ့စတင်ဆောင်ရွက်သည့်အခါတွင် အဆင်ပြေချောမွေ့စွာ လုပ်ကိုင်နိုင်ရန်အလို့ငှာ လုပ်ဆောင်ရမည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းအမျိုးမျိုးကို အားကြိုးမာန်တက် စီမံဆောင်ရွက်ခဲ့ကြပါသည်။ ယင်းသို့ဆောင်ရွက်ခဲ့ခြင်းကြောင့် ကုမ္ပဏီ စတင်ဆောင်ရွက်သည့်သက်တမ်း ၁၀လအတွင်း လုပ်ငန်းများကိုလည်း အထစ်အငေါ့အခက်အခဲမရှိ အဆင်ပြေချောမွေ့စွာ စတင်လည်ပတ်ဆောင်ရွက်နိုင်ခဲ့ပါသည်။ အာမခံဈေးကွက်တွင်လည်း ပြည်သူများ၏အသိအမှတ်ပြုခြင်းကို အတိုင်းအတာ တစ်ခုအထိ လက်ဆုပ်လက်ကိုင်ရရှိထားနိုင်ပြီးဖြစ်ပါကြောင်းနှင့် ဤကုမ္ပဏီကို ယုံကြည်အားပေးကြသည့်ပြည်သူများကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

လုပ်ငန်းစတင်ဖွင့်လှစ်ဆောင်ရွက်သည်မှစ၍ဤကုမ္ပဏီနှင့်ပူးပေါင်းဆောင်ရွက်ကြသည့်အာမခံကိုယ်စားလှယ်များ၊ Workshop များ၊ ဆေးရုံများ၊ Surveyor များ၊ Assessor များကိုလည်း ကျေးဇူးဥပကာရတင်ရှိပါကြောင်းနှင့် ၎င်းတို့၏စွမ်းဆောင်ရည်များကိုလည်း ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း ထပ်လောင်း၍ ဖော်ပြအပ်ပါသည်။



(အိုက်ထွန်း)

ဥက္ကဋ္ဌ

Grand Guardian Insurance Public Co., Ltd. ကို အစုရှယ်ယာရှင် (၈၉)ဦးဖြင့် ဖွဲ့စည်းထားပြီး ကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ကို အစုရှယ်ယာဝင်ပုဂ္ဂိုလ် (၁၅)ဦးအား မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့်အညီ ရွေးချယ်ဖွဲ့စည်း ဆောင်ရွက်ထားပါသည်။

ဒါရိုက်တာအဖွဲ့သည် Grand Guardian Insurance Public Co., Ltd. ကို

(က) လုပ်ကိုင်ခွင့်ပြုထားသည့် အာမခံလုပ်ငန်းများအား အဆင်ပြေချောမွေ့စွာ ပြေပြေပြစ်ပြစ် စတင်ဆောင်ရွက်နိုင်ရေး

(ခ) ကုမ္ပဏီရုံးချုပ်နှင့် ရုံးခွဲများဖွင့်လှစ်ရေး

(ဂ) ရင်းနှီးငွေများအနက်မှ အချို့ကို စိတ်ချယုံကြည်ရသည့်နည်းလမ်းများဖြင့် မြှုပ်နှံရေး

(ဃ) ဈေးကွက်တွင် ဤကုမ္ပဏီအပေါ် ပြည်သူများ၏ ယုံကြည်မှုတိုးပွားလာရေး စသည့် အဓိကကြသည့် လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ခဲ့ပါသည်။ ၎င်းအပြင်မြန်မာနိုင်ငံ အာမခံဈေးကွက် ပကတိအခြေအနေများအပေါ် အသေးစိတ်လေ့လာ သုံးသပ်၍ ရေတိုရေရှည် ဆောင်ရွက်ရမည့် အခြေခံမူ (Policy) များကို ချမှတ်ပေးနိုင်ခဲ့ပါသည်။ ယင်းသို့ချမှတ်ခဲ့သည့် အခြေခံမူများနှင့်အညီ အောက်ဖော်ပြပါအရေးပါသည့် လုပ်ဆောင်ချက်များကို အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

ဤကုမ္ပဏီ၏လုပ်ငန်းများကို ဦးစီးဦးဆောင်၍ ကမကထပြုဆောင်ရွက်နေကြသည့် Board of Directors အဖွဲ့ကို အကြံပေးနိုင်ရန်နှင့် လုပ်ငန်းထိန်းညှိသည့်စနစ် (Check & Balance System) လည်းရှိစေရန်အတွက်

(1) Audit , Compliance and Corporate Governance Committee

(2) Compensation & Benefit Committee

(3) Investment and Risk Management Committee

(4) Remuneration Committee စသည့်ကော်မတီများကို ဖွဲ့စည်းခဲ့ပါသည်။

Win Consulting Limited ကို ပြင်ပအကြံပေးအဖွဲ့အဖြစ်လည်းကောင်း ၊ Actuarial Consulting Group (Singapore) ကို ပြင်ပအကြံပေးအဖွဲ့အဖြစ်လည်းကောင်း ၊Win Thin & Associates Certified Public Accountants ကိုပြင်ပစာရင်းစစ်အဖြစ် လည်းကောင်း ခန့်ထားဆောင်ရွက်ခဲ့ပါသည်။

Grand Guardian Insurance Public Co., Ltd. ရေရှည်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ရရှိနိုင်ဖို့အတွက်မှု လူသားစွမ်းဆောင်ရည်မြင့်မားသည့် လူသားအရင်းအမြစ်တည်ဆောက်ရန် အဓိက လိုအပ်ပါသဖြင့် အာမခံလုပ်ငန်း အတွေ့အကြုံများစွာရှိသည့် ဝန်ထမ်းအင်အားစုတစ်ရပ် ဦးစွာတည်ထောင်၍ ၎င်းမှတစ်ဆင့် အာမခံပညာ ဖြန့်ဝေဆင့်ပွားယူနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ သို့ဖြစ်ရာ ဤကုမ္ပဏီသည် ၂၀၁၃ - ၂၀၁၄ ဘဏ္ဍာရေးနှစ် အတွင်း သင်တန်းအမျိုးအစားပေါင်း (၂၀) ကို ရက်ပေါင်း (၁၉၀) ခန့်အချိန်ယူ၍ ဝန်ထမ်းများအား သင်ကြားပို့ချပေးခဲ့ပါသည်။

အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ ခွင့်ပြုသည့် အာမခံလုပ်ငန်း (၆)မျိုးကို IT System သုံး၍ လွယ်ကူချောမွေ့ အဆင်ပြေပြေဆောင်ရွက်နိုင်မည့် အစီအစဉ်တစ်ခုချမှတ်ရန် ကုမ္ပဏီမဖွင့်လှစ်မီ (၆)လခန့်စော၍ လိုအပ်သည်များကို ညှိနှိုင်း ပြင်ဆင်ခဲ့ရပါသည်။

အာမခံကုမ္ပဏီတစ်ခုအနေဖြင့် မဖြစ်မနေဆက်သွယ်ဆောင်ရွက်ရမည့် အဖွဲ့များ၊ တစ်ဦးချင်း လူပုဂ္ဂိုလ်များ ရှိပါသည်။ (ဥပမာ အာမခံကိုယ်စားလှယ်များ ၊ ကားအာမခံနှင့်ပတ်သက်၍ ဝပ်ရှော့များ ၊ အသက်အာမခံနှင့် ပတ်သက်၍ ဆေးရုံများ၊ မီးအာမခံနှင့် ပတ်သက်၍ Surveyor များ ၊ Assessor များ စသည်တို့နှင့် ကုမ္ပဏီမဖွင့်မီ (၃)လခန့်ကပင် ကြိုတင်၍ ညှိနှိုင်းသဘောတူဆောင်ရွက်ခဲ့ပါသည်။)

ဒါရိုက်တာအဖွဲ့အနေဖြင့် လာမည့်ဘဏ္ဍာရေးနှစ်တွင် အာမခံလုပ်ငန်းများအားလုံးကို ယခုထက် တိုးတက်ရရှိအောင် ဆောင်ရွက်ရန်၊ ဈေးကွက်တွင် နာမည်ကောင်းပို၍ ရရှိစေရန်နှင့် ရရှိပြီးထားသော ဖောက်သည်များကိုလည်း ပိုမိုပြည့်စုံသော ဆောင်ရွက်မှုမျိုးပေးရန် ရည်မှန်းထားပါသည်။ ကုမ္ပဏီမှာ သက်တမ်းလွန်စွာနုနယ်သေးသဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် ချွတ်ချော်တိမ်းစောင်းမှုမရှိစေရန်အတွက် ဥပဒေ ၊ နည်းဥပဒေများ ၊ စည်းမျဉ်းစည်းကမ်းများကိုလည်း အပြည့်အဝလိုက်နာ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

အထူးသဖြင့် ဤကုမ္ပဏီကိုယုံကြည်စိတ်ချစွာအာမခံထားကြသည့်ဖောက်သည်များကိုလည်းကောင်း၊ ဤကုမ္ပဏီနှင့် လက်တွဲဆောင်ရွက်ကြသည့် မိတ်ဖက်အဖွဲ့အစည်းနှင့် လူပုဂ္ဂိုလ်များအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်းနှင့် လက်တွဲ ဆောင်ရွက်ခွင့်ရသည်ကိုလည်း ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဒါရိုက်တာအဖွဲ့

# Grand Guardian Insurance Public Co., Ltd. စတင်ဖွင့်လှစ်ခြင်း

Grand Guardian Insurance Public Co.,Ltd. ကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ (Insurance Business Supervisory Board) က (၂၅.၅.၂၀၁၃) ရက်နေ့တွင် လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် (လိုင်စင်အမှတ် - ၀၀၂) ကို ထုတ်ပေးခဲ့ပါသည်။ လိုင်စင်ရရှိပြီးနောက် အာမခံလုပ်ငန်းများကို စတင်လက်ခံ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ယင်းနောက် (၁၂.၆.၂၀၁၃)ရက်နေ့တွင် Grand Guardian Insurance Public Co., Ltd. ဖွင့်လှစ်ခြင်းအခမ်းအနား ကျင်းပဆောင်ရွက်ခဲ့ရာ ကုမ္ပဏီ၏ဆိုင်းဘုတ်ကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ၊ ဒေါက်တာ မောင်မောင်သိမ်း - ဒုတိယဝန်ကြီး (ဘဏ္ဍာရေးဝန်ကြီးဌာန)၊ ဦးအေးမင်းသိန်း ဦးဆောင်ညွှန်ကြားရေးမှူး (မြန်မာ့အာမခံလုပ်ငန်း) နှင့် ဦးအိုက်ထွန်း - ဥက္ကဋ္ဌ (Grand Guardian Insurance Public Co., Ltd.) တို့မှ စက်ခလုတ်နှိပ်၍ တရားဝင်ဖွင့်လှစ်ပေးခဲ့ပါသည်။











ယင်းဖွင့်ပွဲအခမ်းအနားသို့ သံရုံးများမှ မိတ်ဆွေသင်္ဂဟများ ၊ စီးပွားရေးလုပ်ငန်းရှင်များ ၊ အစုရှယ်ယာရှင်များ၊ အာမခံကိုယ်စားလှယ်များ နှင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ တာဝန်ရှိအရာရှိများ စသည်ဖြင့် တက်ရောက် ခဲ့ကြပါသည်။ ယင်းနေ့ ညနေပိုင်းတွင် Traders Hotel ၌ စီးပွားရေးလုပ်ငန်းရှင်များအား ညစာဖြင့် တည်ခင်းဧည့်ခံခဲ့ပါသည်။




၁၉၆၄ ခုနှစ်မှစ၍ အာမခံလုပ်ငန်းကို အစိုးရအာမခံလုပ်ငန်းတစ်ခုတည်းသာ ဆောင်ရွက်နိုင်ပြီး နှစ်ပေါင်း(၅၀)နီးပါး ကြာခဲ့ပါသည်။ ၂၀၁၂ခုနှစ်တွင် ပုဂ္ဂလိကအာမခံလုပ်ငန်းများ လုပ်ကိုင်ခွင့် ပြန်လည်ခွင့်ပြုခြင်းဖြစ်ရာ Grand Guardian Insurance Public Co., Ltd. သည်နှစ်ပေါင်း (၅၀)အတွင်း မြန်မာနိုင်ငံ၌ အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ရပြီး ပထမဆုံးဖွင့်လှစ်၍လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီတစ်ခုဖြစ်ပါကြောင်းကိုလည်း တင်ပြလိုပါသည်။

ဤကုမ္ပဏီဖွင့်ပွဲ အခမ်းအနားတွင် Grand Guardian Insurance Public Co., Ltd. မှ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေ ကျပ်သိန်း (၅၀)ကိုလည်းကောင်း၊ မေရီချက်ပ်မင်းကျောင်းသို့ အလှူငွေ ကျပ်သိန်း (၅၀)ကို လည်းကောင်း ၊ International Cultural & Charity Group သို့ အလှူငွေ ကျပ်သိန်း (၅၀)ကို လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ပါသည်။





# မန္တလေးရုံးခွဲဖွင့်လှစ်ခြင်း

ဤကုမ္ပဏီအနေဖြင့် ရုံးခွဲများကွန်ယက်၊ အာမခံကိုယ်စားလှယ်ကွန်ယက် (Branch Network ၊ Agency Network)များကို လျင်လျင်မြန်မြန်ထူထောင်၍၊ ကုမ္ပဏီကိုရေရှည်ဖွံ့ဖြိုးတိုးတက်မှုရအောင် ဆောင်ရွက်ရန် ရည်ရွယ်ချက်ထားရှိခဲ့ပါသည်။ သို့ဖြစ်၍ (၂၀.၁.၂၀၁၄)ရက်နေ့တွင် အထက်မြန်မာပြည် Grand Guardian Insurance Public Co., Ltd. မန္တလေးရုံးခွဲကို ဒေါက်တာမောင်မောင်သိမ်း - ဒုတိယဝန်ကြီး (ဘဏ္ဍာရေးဝန်ကြီးဌာန)၊ ဒေါက်တာမြင့်ကြူ -ဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီးဌာန (မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့) နှင့် ဦးရုံးမှူ - ဒုတိယဥက္ကဋ္ဌ (Grand Guardian Insurance Public Co., Ltd.) တို့မှ ဖဲကြိုးဖြတ်၍ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးရဲမြင့်မှ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပါသည်။ ဖွင့်ပွဲအခမ်းအနားကိုမူ ဆီဒိုးနားဟိုတယ်တွင်ကျင်းပ၍ ကြွရောက်ချီးမြှင့်ကြသည့် မိတ်ဆွေများ၊ ဧည့်သည်တော်များကို ဆီဒိုးနားဟိုတယ်တွင် ဧည့်ခံကျွေးမွေးခဲ့ပါသည်။










## အစုရှယ်ယာများနှင့် မတည်ရင်းနှီးငွေ

ဤကုမ္ပဏီသည် အများပိုင်ကုမ္ပဏီဖြစ်သည့်အားလျော်စွာ ဤကုမ္ပဏီတွင် ပါဝင်ငွေရင်းစိုက်ထုတ်ကြမည့် ရှယ်ယာရှင်များ စုဆောင်းခဲ့ကြပါသည်၊ ရှယ်ယာထည့်ဝင်ကြသည့် ပုဂ္ဂိုလ်အများစုမှာ စီးပွားရေးလောကတွင် ထင်ရှားအောင်မြင်နေကြသည့် ကုမ္ပဏီကြီးများနှင့် လုပ်ငန်းကြီးများကို ဦးဆောင်နေကြသော ပုဂ္ဂိုလ်ကြီးများပါဝင်ပါသည်၊ အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် နည်းဥပဒေ(အပိုဒ် ၆)အရ လိုအပ်သည့်မတည်ရင်းနှီးငွေ ကျပ် (၄၆)ဘီလီယံကို အစုရှယ်ယာရှင် (၈၉)ဦးတို့မှ မိမိတို့တစ်ဦးချင်း ပူးပေါင်းပါဝင်လိုသည့် ရှယ်ယာအရေအတွက်အရ ကျသင့်တန်ဖိုးကို ထည့်ဝင်ကြပါသည်၊ ယင်းမတည်ရင်းနှီးငွေ များတွင် အသက်အာမခံလုပ်ငန်းအတွက် ကျပ်သန်း ၆,၀၀၀/ - နှင့် အထွေထွေအာမခံလုပ်ငန်းအတွက် ကျပ်သန်း ၄၀,၀၀၀/ - ပါဝင်ပါသည်၊

## Grand Guardian Insurance Public Co., Ltd. ဒါရိုက်တာအဖွဲ့

ဤကုမ္ပဏီဒါရိုက်တာအဖွဲ့ကို Incorporation ကျပြီးနောက် ဖွဲ့စည်းနိုင်ရန်အတွက် ရှယ်ယာရှင်များ အထူး အစည်းအဝေးကို ဖိတ်ခေါ်ကျင်းပခဲ့ပါသည်၊ ဤကုမ္ပဏီကို တာဝန်ယူဆောင်ရွက်ကြမည့် ဒါရိုက်တာအဖွဲ့ရွေးချယ်ရာတွင် မြန်မာနိုင်ငံ ကုမ္ပဏီများအက်ဥပဒေနှင့်အညီ စနစ်တကျရွေးချယ်နိုင်ရန်အတွက် လုပ်ငန်းအတွေ့အကြုံများစွာရှိသည့် Win Consulting Limited အား အစည်းအဝေးကို ဆောင်ရွက်စေခဲ့ပါသည်၊ ယင်းအစည်းအဝေးမှပင် ဤကုမ္ပဏီ၏ ဒါရိုက်တာအဖွဲ့ကို စနစ်ကျစွာ ရွေးချယ်ခဲ့ပါသည်၊

| စဉ် | ဒါရိုက်တာအမည် | ရာထူး |
|---|---|---|
| ၁ | ဦးအိုက်ထွန်း | Chairman |
| ၂ | ဦးအောင်ဇော်နိုင် | Executive Vice Chairman |
| ၃ | ဦးရုံးမူ | Vice Chairman |
| ၄ | ဦးတင်မောင်သိန်း | Vice Chairman |
| ၅ | ဦးမျိုးနောင် | Managing Director |
| ၆ | ဒေါ်စန္ဒာထွန်း | Director |
| ၇ | ဦးရဲမြင့် | Director |
| ၈ | ဦးအောင်သန်း | Director |
| ၉ | ဦးဝင်းဌေး | Director |
| ၁၀ | ဦးမျိုးညွန့် | Director |
| ၁၁ | ဦးချမ်းမြ | Director |
| ၁၂ | ဦးမောင်မောင်အေး | Director |
| ၁၃ | ဦးအိုက်ယီ | Director |
| ၁၄ | ဦးဇော်မြင့်ထူး | Director |
| ၁၅ | ဦးမောင်စိုင်း | Director |

## ကော်မတီဖွဲ့စည်းခြင်း

ရင်းအပြင် ဤကုမ္ပဏီ၏ လုပ်ငန်းများကို ဦးဆောင်အကောင်အထည်ဖော်နေကြသည့် ဒါရိုက်တာအဖွဲ့အား အကြံပေး အထောက်အကူပြုနိုင်ရန်နှင့် လုပ်ငန်းထိန်းညှိသည့်စနစ် (Check and Balance)လည်း ရှိစေရန်အတွက် အောက်ဖော်ပြပါ ကော်မတီများကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

1. Audit , Compliance and Corporate Governance Committee
2. Compensation & Benefit Committee
3. Investment and Risk Management Committee
4. Remuneration Committee

ကော်မတီ(၄)ရပ်တွင် တာဝန်ယူဆောင်ရွက်ကြမည့် ဒါရိုက်တာအဖွဲ့ဝင်ပုဂ္ဂိုလ်များ ၊ လုပ်ငန်းကျွမ်းကျင်ပုဂ္ဂိုလ်များဖြင့် အောက်ပါအတိုင်း ဖွဲ့စည်းဖော်ပြထားပါသည်။

### Audit, Compliance & Corporate Governance Committee

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးမျိုးညွန့် | ဥက္ကဋ္ဌ |
| ၂ | ဦးမျိုးနောင် | အတွင်းရေးမှူး |
| ၃ | ဦးဝင်းဌေး | အဖွဲ့ဝင် |
| ၄ | ဦးဇော်မြင့်ထူး | အဖွဲ့ဝင် |

### Compensation and Benefit Committee

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးအိုက်ယီ | ဥက္ကဋ္ဌ |
| ၂ | ဦးထွန်းကြိုင် | အတွင်းရေးမှူး |
| ၃ | ဦးရဲမြင့် | အဖွဲ့ဝင် |
| ၄ | ဦးချမ်းမြ | အဖွဲ့ဝင် |

### Investment and Risk Management Committee

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးမောင်မောင်အေး | ဥက္ကဋ္ဌ |
| ၂ | ဦးထွန်းအေး | အတွင်းရေးမှူး |
| ၃ | ဦးအောင်သန်း | အဖွဲ့ဝင် |
| ၄ | ဦးမောင်စိုင်း | အဖွဲ့ဝင် |

## Remuneration Committee

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁ | ဦးရုံးမူ | ဥက္ကဋ္ဌ |
| ၂ | ဒေါ်နှင်းစိန် | အတွင်းရေးမှူး |
| ၃ | ဦးတင်မောင်သိန်း | အဖွဲ့ဝင် |
| ၄ | ဒေါ်စန္ဒာထွန်း | အဖွဲ့ဝင် |

ဖွဲ့စည်းထားသည့် ကော်မတီ (၄)ရပ်အနက်မှ Compensation and Benefit Committee နှင့် Investment and Risk Management Committee (၂)ရပ်ကို ပူးပေါင်း၍ (၇.၂.၂၀၁၄) ရက်နေ့တွင် Grand Guardian Insurance Public Co., Ltd. (ရုံးချုပ်) တွင် အစည်းအဝေးပြုလုပ်ခဲ့ပါသည်။

ဤကုမ္ပဏီနှင့် အာခံထားသူ ဖောက်သည်တစ်ဦး၏ မီးလောင်ဆုံးရှုံးမှုအတွက် လိုအပ်သည့် အထောက်အထားများနှင့် မီးလောင်သည့်အကြောင်းအရင်း ၊ ပျက်စီးသည့်အတိုင်းအတာပမာဏနှင့် ပျက်စီးသည့်သက်သေခံဓါတ်ပုံအထောက်အထား၊ ပေးလျော်ရမည့် လျော်ကြေးပမာဏကို အသေးစိတ်စိစစ် လေ့လာခဲ့ပါသည်။ ယင်းနောက် နောက်ဆုံးပေးလျော်ရမည့် လျော်ကြေး ပမာဏကို ဆုံးဖြတ်ပြီး ဥက္ကဋ္ဌထံတင်ပြ၍ အတည်ပြုချက်ရယူခဲ့ပါသည်။

# ကုမ္ပဏီဖွဲ့စည်းပုံ

စတင်ဖွင့်လှစ်လုပ်ငန်းဆောင်ရွက်သည့် ကုမ္ပဏီတစ်ခုနှင့် လိုက်လျောညီထွေရှိမည့် ဝန်ထမ်းအင်အားဖြင့် ဖွဲ့စည်းထားပါသည်။ အဓိကအားဖြင့် လုပ်ငန်းသဘောသဘာဝနှင့် ဆီလျော်မည့် ဖွဲ့စည်းပုံဖြစ်စေရန် ဌာနများကိုလည်း စုစည်းဖွဲ့စည်းထားပါသည်။ ရန်ကုန်ရုံးချုပ်ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

# Grand Guardian Insurance Public Co.Ltd. ရန်ကုန်ရုံးချုပ်ဖွဲ့စည်းပုံ

## Organization Chart (Head Office)



## Grand Guardian Insurance Public Co.Ltd. မန္တလေးရုံးခွဲဖွဲ့စည်းပုံ

# Organization Chart (Branch Office)




## Grand Guardian Insurance Public Co.Ltd. ကိုစီမံခန့်ခွဲသည့်ဝန်ထမ်းများ (GGIP Management Team)

Grand Guardian Insurance Public Co., Ltd. သည် ကုမ္ပဏီရေရှည်ဖွံ့ဖြိုးတိုးတက်မှုရရန်အလို့ငှာ စွမ်းရည်ရှိပြီး အင်အားတောင့်တင်းသည့် စီမံခန့်ခွဲမှုအဖွဲ့ (Management Team) ရှိရန်လိုအပ်ပါသည်။

အာမခံလုပ်ငန်းဖော်ဆောင်ရာတွင် အာမခံလုပ်ငန်းကျွမ်းကျင် ပုဂ္ဂိုလ်များ ၊ အလုပ်အတွေ့အကြုံရှိ ပုဂ္ဂိုလ်များနှင့် ဝန်ထမ်းများစုစုပေါင်း (၁၀၇)ဦးခန့်ထားပြီး ဖြစ်ပါသည်။ လုံလောက်သည့် သင်တန်းပို့ချပေးထားသော ဝန်ထမ်းများ အဖွဲ့တွင် ပါဝင်ခဲ့ခြင်း၏ရလဒ်မှာ ကုမ္ပဏီအာမခံလုပ်ငန်းများကို စနစ်တကျအဆင်ပြေချောမွေ့စွာလုပ်ကိုင်နိုင်သည့် အနေအထားတွင် ရှိပါကြောင်း တင်ပြအပ်ပါသည်။ ယင်းတို့အား အခြားသင်တန်းများနှင့် အာမခံသဘောသဘာဝသင်တန်းများကို လုံလုံလောက်လောက်ပို့ချနိုင်ခဲ့ပါသဖြင့် အာမခံလုပ်ငန်း ဗဟုသုတများရရှိခဲ့ရုံသာမကပဲ လက်တွေ့လုပ်ရမည့် လုပ်ငန်းများကိုလည်း အရည်အချင်းပြည့်မီစွာ ဆောင်ရွက်နိုင်ပါကြောင်း အစီရင်ခံအပ်ပါသည်။

## ရန်ကုန်ရုံးချုပ်ဝန်ထမ်းအင်အား



| စဉ် | ရာထူး | လူဦးရေ |
|---|---|---|
| 1 | Managing Director | 1 |
| 2 | Assistant Director | 3 |
| 3 | Director (Technical) | 1 |
| 4 | General Manager | 1 |
| 5 | Deputy General Manager | 3 |
| 6 | Assistant General Manager | 1 |
| 7 | Senior Manager | 1 |
| 8 | Manager | 4 |
| 9 | Assistant Manager | 2 |
| 10 | Supervisor | 6 |
| 11 | Executive (Sales & Marketing) | 2 |
| 12 | Assistant Supervisor | 7 |
| 13 | Representative II (Sales & Marketing) | 1 |
| 14 | Junior Assistant Supervisor | 34 |
| 15 | Representative I (Sales & Marketing) | 4 |
| | **Total** | **71** |

# မန္တလေးရုံးခွဲဝန်ထမ်းအင်အား




| စဉ် | ရာထူး | လူဦးရေ |
|---|---|---|
| 1 | Deputy General Manager | 2 |
| 2 | Assistant General Manager | 1 |
| 3 | Manager | 2 |
| 4 | Assistant Manager | 2 |
| 5 | Supervisor | 2 |
| 6 | Executive (Sales & Marketing) | 1 |
| 7 | Assistant Supervisor | 9 |
| 8 | Junior Assistant Supervisor | 17 |
| | **Total** | **36** |

## ရောင်းချသည့်အာမခံအမျိုးအစားများ (Insurance Products)

ဤကုမ္ပဏီအနေဖြင့် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ကခွင့်ပြုထားသည့် အောက်ပါလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

အသက်အာမခံလုပ်ငန်း
(၁) ငွေပင်ငွေရင်းအသက်အာမခံ (Endowment Life Insurance)
(၂) စုပေါင်းအသက်အာမခံ (Group Life Insurance)
(၃) အားကစားသမားကိုယ်အင်္ဂါထိခိုက်မှုအာမခံ (Sportsman Life Insurance)
(၄) မြွေအန္တရာယ်အာမခံ (Snake Bite Insurance)

အထွေထွေအာမခံလုပ်ငန်း
(၁) မီးအာမခံ (Fire Insurance)
(၂) အလုံးစုံမော်တော်ယာဉ်အာမခံ (Comprehensive Motor Insurance)
(၃) ငွေပို့ငွေသယ်အာမခံ (Cash In Transit Insurance)
(၄) ငွေသားလုံခြုံမှုအာမခံ (Cash In Safe Insurance)
(၅) သမာဓိအာမခံ (Fidelity Insurance)











ယင်းလုပ်ငန်းများတွင် မီးအာမခံနှင့် မော်တော်ကားအာမခံ ပေါ်လစီများမှာ ဈေးကွက်အတွင်း လူကြိုက်များပြီး ပုံမှန်ရောင်းချရပါသည်။

ယေဘုယျအားဖြင့် အထွေထွေအာမခံလုပ်ငန်းရရှိမှုနှင့် လျော်ကြေးတောင်းခံမှုအခြေအနေမှာသင့်တင့်မျှတသည်ဟု သုံးသပ်ပါသည်။

## အာမခံလုပ်ငန်းများ၏သဘောသဘာဝမှာ

(၁) ပြည်သူများ၏ ကြွယ်ဝချမ်းသာမှုများ အန္တရာယ်တစ်ရပ်ရပ်ကြောင့် ပျက်စီးဆုံးရှုံးလျှင် ငွေကြေးဖြင့် ရင်းစားပြန်ပေးရန်

(၂) မိသားစုတွင် အဓိကဝင်ငွေရှာဖွေပေးသည့် အိမ်ထောင်ဦးစီးတစ်ဦး အချိန်မတိုင်မီ ကွယ်လွန်လျှင် ယင်း၏ မိသားစုအား ငွေကြေးအထောက်အပံ့ရစေရန်

(၃) နှစ်ရှည်အလီလီငွေစုဆောင်းခြင်းဖြင့် ငွေကြေးစုမိဆောင်းမိဖြစ်စေရန်

(၄) မကျန်းမာဖြစ်လျှင် ဆေးဝါးကုသနိုင်ရန် စသည့်ရည်မှန်းချက်များပါဝင်ပါသည်။ အာမခံစနစ်၏ မှန်မြတ်သော အနှစ်သာရကို ပြည်သူများအပြည့်အဝခံစားနိုင်စေရန် ကြိုးပမ်းဆောင်ရွက်ရမည်ဟုလည်း ဤကုမ္ပဏီက ခံယူချက်ထားရှိပါသည်။





Grand Guardian Insurance Public Co.,Ltd. အနေဖြင့် မိမိ၏အာမခံထားသူများနှင့် ပြည်သူများကို မိမိတို့ထမင်းရှင်အဖြစ်နှင့် အရေးပါဆုံးပုဂ္ဂိုလ်များအဖြစ်မှတ်ယူ၍ အကောင်းဆုံးဆောင်ရွက်မှုပေးရန်လည်း ခံယူထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ရာ မိမိတို့ကုမ္ပဏီနှင့် ဆက်သွယ်လာကြသည့် အာမခံထားသူများနှင့် အာမခံထားရန်စုံစမ်းသူများ စိတ်ချမ်းသာမှုရစေရန်အတွက် အောက်ပါအတိုင်း ဆောင်ရွက်မှုပေးရန်

(၁) Grand Guardian Insurance Public Co.,Ltd ၊ Lobby ကိုသန့်ရှင်းသေသပ်မှုရှိ၍ လှပခန့်ညားစွာပြင်ဆင်ထားရှိခြင်း

(၂) ဝင်/ထွက် သွားလာသူများအား ပျူငှာစွာနှုတ်ဆက်ခြင်း

(၃) စုံစမ်းမေးမြန်းချက်များကိုလည်း ယဉ်ကျေးစွာပြန်လည်ရှင်းလင်းပြောကြားပေးခြင်း

(၄) လိုလားချက်များကို အချိန်တိုတိုအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေးခြင်း

(၅) နေအိမ်၊ စက်ရုံ၊ အလုပ်ရုံ၊ ဈေးဆိုင်၊ မော်တော်ကား စသည်များကိုမျက်မြင်စစ်ဆေးရန်လိုအပ်လျှင်လည်း ကျွမ်းကျင်သောပြင်ပ Surveyor များမှ မျက်မြင်စစ်ဆေးသည့်နေရာသို့ အရောက်သွား၍မျက်မြင်စစ်ဆေးပေးခြင်း








(၆) ၂၄ နာရီ Call Center ဖွင့်ထားပေးခြင်း

(၇) လျော်ကြေးပေါ်ပေါက်ပါက အချိန်မရွေးဖြေရှင်းကူညီရန်အတွက် အရေးပေါ်သွားရောက်စစ်ဆေးမည့်အဖွဲ့ (Emergency Team) ဖွဲ့စည်းပေးထားခြင်း

(၈) လျော်ကြေးကိစ္စပေါ်ပေါက်လာပါက အာမခံထားသူများ စိတ်ကျေနပ်မှုရရှိသည်အထိ ဆောင်ရွက်ပေးခြင်း

(၉) အာမခံထားသည့်ကားများ ထိခိုက်ပျက်စီးမှုကိုပြုပြင်ပေးကြသော ဝပ်ရှော့များသို့ ၎င်းတို့ရမည့် ပြုပြင်စရိတ်များကို မှန်မှန်ကန်ကန်ထုတ်ပေးခြင်း

(၁၀) အာမခံကိုယ်စားလှယ်များအား ပေးရမည့် ကော်မရှင်ငွေများကိုလည်း လျှင်မြန်စွာထုတ်ပေးခြင်း စသည့် ဆောင်ရွက်မှုအမျိုးမျိုးကို ဤကုမ္ပဏီ၏ ဝန်ထမ်းအားလုံး စိတ်တူကိုယ်တူ ကြိုးကြိုးစားစားလုပ်ဆောင်ပေးနေကြပါကြောင်း တင်ပြအပ်ပါသည်။







ဤကုမ္ပဏီစတင်ဖွင့်လှစ်သည့် (၁၂.၆.၂၀၁၃)ရက်နေ့မှ (၃၁.၃.၂၀၁၄)ရက်နေ့အထိ (၁၀)လအတွင်း လုပ်ငန်းအမျိုးအစားတစ်ခုချင်းအလိုက် အာမခံထားရှိမှုနှင့် လျော်ကြေးပေးချေရမှုအခြေအနေကို အောက်ပါအတိုင်း နှိုင်းယှဉ်တင်ပြအပ်ပါသည်။

### (၁၂.၆.၂၀၁၃) မှ (၃၁.၃.၂၀၁၄)ရက်နေ့ထိ လုပ်ငန်းရရှိမှု အခြေပြဇယား (အသက်အာမခံလုပ်ငန်း)

| Type of Product | Policy | Sum Insured (Kyat) | Premium (Kyat) |
|---|---|---|---|
| Endowment Life Insurance | 3,200 | 3,571,000,000.00 | 134,402,249.50 |
| Group Life Insurance | 27 | 570,000,000.00 | 5,700,000.00 |
| Snake Bite Insurance | 40 | 20,000,000.00 | 20,000.00 |
| **Total** | **3,267** | **4,161,000,000.00** | **140,122,249.5** |

### (၁၂.၆.၂၀၁၃) မှ (၃၁.၃.၂၀၁၄)ရက်နေ့ထိ လုပ်ငန်းရရှိမှု အခြေပြဇယား (အထွေထွေအာမခံလုပ်ငန်း)

| Type of Product | Policy | Sum Insured (Kyat) | Premium (Kyat) |
|---|---|---|---|
| Fire Insurance | 885 | 117,137,172,342.82 | 583,103,843.44 |
| Cash in Safe Insurance | 6 | 1,480,000,000.00 | 2,960,000.00 |
| Motor Insurance | 1,317 | 48,762,290,700.00 | 515,094,518.31 |
| **Total** | **2,208** | **167,379,463,042.82** | **1,101,158,361.75** |

## Quarterly ပေါ်လစီတိုးတက်မှုအခြေအနေ




## Quarterly ပရီမီယံရငွေတိုးတက်မှုအခြေအနေ




## Product အလိုက် လုပ်ငန်းရရှိမှုအခြေအနေ



## အသက်အာမခံထားရှိမှုနှင့် လျော်ကြေးပေးချေရမှုအခြေအနေ

| No. | Type of Product | Policy | Premium Income | | Claim Case | Claim Amount | Percentage |
|---|---|---|---|---|---|---|---|
| 1. | Endowment Life Insurance | 3,200 | 134,402,249.50 | | 2 | 1,962,260 | 1.46% |
| 2. | Group Life Insurance | 27 | 5,570,000.00 | | - | - | % |
| 3. | Snake Bite Insurance | 40 | 20,000.00 | | - | - | 0% |
| 4. | Sportsman Life Insurance | - | | | 2 | 175,000 | |
| **Total** | | **3,267** | **140,122,249.50** | | **4** | **2,137,260** | **1.53%** |

## အသက်အာမခံလုပ်ငန်း Premium ရငွေနှင့် လျော်ကြေးပေးရငွေ နှိုင်းယှဉ်ချက်



## အထွေထွေအာမခံထားရှိမှုနှင့် လျော်ကြေးပေးချေရမှုအခြေအနေ

| No. | Type of Product | Policy | Premium Income | | Claim Case | Claim Amount | Percentage |
|---|---|---|---|---|---|---|---|
| 1. | Fire Insurance | 885 | 583,103,843.44 | | 2 | 15,298,584 | 2.62% |
| 2. | Cash In Safe Insurance | 6 | 2,960,000.00 | | - | - | 0% |
| 3. | Motor Insurance | 1,317 | 515,094,518.31 | | 139 | 113,545,132.57 | 22.04% |
| **Total** | | **2,208** | **1,101,158,361.75** | | **141** | **128,843,716.57** | **11.7%** |

## အထွေထွေအာမခံလုပ်ငန်း Premium ရငွေနှင့် လျော်ကြေးပေးရငွေ နှိုင်းယှဉ်ချက်



## IT ဖြင့်လုပ်ငန်းဆောင်ရွက်ခြင်း

ဤကုမ္ပဏီအနေဖြင့် ဈေးကွက်အတွင်းခေတ်မီတိုးတက်သည့် IT နည်းပညာများဖြင့် ဆောင်ရွက်နိုင်ရန်အတွက်လည်းကောင်း၊ အာမခံလုပ်ငန်းများလက်ခံဆောင်ရွက်ခြင်းနှင့် လျော်ကြေးပေးချေရာတွင်လည်းကောင်း၊ အာမခံကော်မရှင်များထုတ်ပေးရာတွင်လည်းကောင်း အာမခံထားသူများ လွယ်ကူအဆင်ပြေစေရန်အတွက် IT နည်းပညာကိုအသုံးပြုရန် ဆုံးဖြတ်ခဲ့ပါသည်။

လုပ်ငန်းမစတင်မီကပင် ACE Data System Ltd. နှင့် ညှိနှိုင်း၍စာချုပ်ချုပ်ဆိုပြီး ကြိုတင်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စီစဉ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၃ခုနှစ် ဇွန်လအတွင်း ကုမ္ပဏီမှ အာမခံလုပ်ငန်းများ စတင်လက်ခံစဉ်ကပင် IT ဖြင့်လက်တွေ့ဆောင်ရွက်ခဲ့ပါသည်။ အာမခံလုပ်ငန်း (၆)မျိုးစလုံးကို အာမခံလက်ခံရာတွင် ပေါ်လစီကိုထုတ်ပေးသည့်အတိုင်းအတာအထိ ကွန်ပျူတာဖြင့် ဆောင်ရွက်ပေးနိုင်ပါသည်။ ၎င်းအပြင် နှစ်ချုပ်စာရင်းများ၊ Financial Statement များကိုလည်းကွန်ပျူတာစနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ပါသည်။ ဆက်လက်၍ Agency Management လုပ်ငန်း၊ Claim Settlement Procedure ၊ Premium Ledger Control စသည့်လုပ်ငန်းများကိုလည်း တဖြည်းဖြည်းချင်းတိုးချဲ့ဆောင်ရွက်သွားရန် ညှိနှိုင်းထားပါသည်။

## တန်ဖိုးကြီးမားသောလုပ်ငန်းကြီးများကို လက်ခံဆောင်ရွက်နိုင်ခြင်း

Grand Guardian Insurance Public Co., Ltd. သည် (၁၂.၆.၂၀၁၃)ရက်နေ့တွင် တရားဝင်ဖွင့်လှစ်ခဲ့ရာ ၂၀၁၄ခုနှစ် ၊ မတ်လကုန်အထိဆိုပါက ကုမ္ပဏီ၏သက်တမ်း (၁၀)လခန့်သာရှိပါသေးသဖြင့် လွန်စွာမှသက်တမ်းနုနယ်ပါသေးသည်။ ၎င်းအပြင် လုပ်ငန်းအတွေ့အကြုံရင့်ကျက်လာစေရန်လည်း လိုအပ်ချက်များစွာရှိနေပါသေးသည်။ ဤကုမ္ပဏီသည် အခြားကုမ္ပဏီများနှင့် ဈေးကွက်တွင် ယှဉ်ပြိုင်ဆောင်ရွက်နိုင်ရန်အတွက် စွမ်းဆောင်ရည်မြင့်မားသည့် လူသားအရင်းအမြစ် ဝန်ထမ်းအင်အားစုတစ်ရပ်ကိုလည်းမဖြစ်မနေကြိုးပမ်းထူထောင်ခဲ့ပါသည်။ ၎င်းအပြင် ဝန်ထမ်းများ ဘက်စုံအရည်အသွေးမြင့်မားလာစေရန် ရည်ရွယ်ချက်ဖြင့် ပြည်တွင်းပြည်ပ သင်တန်းအမျိုးအစားပေါင်း (၂၀)မျိုးကို (၂၀၁၃ - ၂၀၁၄) ဘဏ္ဍာရေးနှစ်အတွင်း ပို့ချပေးနိုင်ခဲ့ပါသည်။ ယင်းကဲ့သို့ စာတွေ့သင်တန်းများပို့ချခြင်း၊ လုပ်ငန်းခွင်တွင် လက်တွေ့သင်ကြားပေးခဲ့ခြင်းတို့ကြောင့် ဝန်ထမ်းများအနေဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် မိမိကိုယ်ကိုယုံကြည်မှု တိုးတက်လာရုံသာမက လုပ်ငန်းစွမ်းဆောင်ရည်လည်း မြင့်တက်လာခဲ့ပါသည်။ ယင်းကဲ့သို့ စွမ်းရည်မြင့်တက် လာသည်နှင့်အညီ လွန်စွာကြီးမားသည့် လုပ်ငန်းကြီးများ (Large Risk) များကို အာမခံလက်ခံဆောင်ရွက် ပေးနိုင်ခဲ့ပါသည်။

## အာမခံကိုယ်စားလှယ်ကွန်ယက် (Agency Network)

အာမခံကုမ္ပဏီတစ်ခု၏ရေရှည်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) အတွက် အာမခံကိုယ်စားလှယ်များ ကွန်ယက်ကို မဖြစ်မနေ ထူထောင်ရပါလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ဤကုမ္ပဏီ၏ အာမခံပေါ်လစီ (Insurance Policy) များကို ဈေးကွက်အတွင်းရောင်းချရာတွင် အဓိကအကျဆုံး အင်အားစုမှာ အာမခံကိုယ်စားလှယ်များပင်ဖြစ်ပါသည်။ ဤကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ အာမခံဈေးကွက်အတွင်း နှစ်ပေါင်းကြာမြင့်စွာ လုပ်ကိုင်နေကြသည့် အတွေ့အကြုံရင့်ကျက်သည့် အာမခံကိုယ်စားလှယ်များနှင့် ရေရှည်ပူးပေါင်းဆောင်ရွက်ရန် ရည်မှန်းချက်ချမှတ်ခဲ့ပါသည်။

ဤသို့ရည်မှန်းချက်နှင့်အညီ (၉.၃.၂၀၁၃) ရက်နေ့တွင် Royal Garden Restaurant တွင် လက်ရှိလုပ်ကိုင်နေကြသည့် အာမခံကိုယ်စားလှယ်များနှင့် ကုမ္ပဏီမိတ်ဆက်ပွဲလုပ်ခဲ့ပြီး အဆက်မပြတ်ကြိုးပမ်းစည်းရုံး ဆောင်ရွက်ခဲ့ပါသည်။






ဤကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်ကြသည့် အာမခံကိုယ်စားလှယ်များမှာ ရန်ကုန်တွင် (၁၀၂)ဦး နှင့် မန္တလေးတွင် (၄)ဦး ရှိပါသည်။ ယခုနှစ်အတွင်း အာမခံကိုယ်စားလှယ် (၁၀၆)ဦးတို့က ဤကုမ္ပဏီနှင့်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ဤအာမခံကိုယ်စားလှယ်များနှင့် ရေရှည်ရင်းနှီးမှုရှိအောင်နှင့် ရင်းနှီးမှုပိုမိုခိုင်မြဲအောင် အမြဲတစေကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။

ဤကုမ္ပဏီတွင်အာမခံကိုယ်စားလှယ်များကိုအလေးဂရုပြု၍ဦးစားပေးဆောင်ရွက်ပေးရန်အတွက်ကိုယ်စားလှယ်ဌာနသီးခြားဖွဲ့စည်းထားပြီး လာရောက်ဆက်သွယ်၍လုပ်ငန်းလုပ်ကြသည့်အာမခံကိုယ်စားလှယ်များအနေဖြင့် လက်တွေ့လုပ်ငန်းဆောင်ရွက်ကြရာတွင် အဆင်ပြေလွယ်ကူစေရန်အတွက်

(က) ဤကုမ္ပဏီတွင် ကိုယ်စားလှယ်များ အခန်းသီးခြား ဖွဲ့စည်းဆောင်ရွက်ပေးထားခြင်း

(ခ) Computer ၊ Email ၊ Internet ၊ Phone အသုံးပြုနိုင်ရန် စီစဉ်ပေးခြင်း

(ဂ) စိတ်အပန်းဖြေစေရန်အတွက် TV များထားပေးခြင်း ၊ ကော်ဖီ ၊ ရေနွေးကြမ်း၊ မုန့် စသည်များဖြင့် တည်ခင်း၍ လိုအပ်ချက်များကိုလည်း အထူးဂရုစိုက်၍ဆောင်ရွက်ပေးခဲ့ပါသည်။ ၎င်းအပြင် အဆင်မပြေမှု၊ မကျေနပ်မှုများ ရှိပါကလည်း ဆက်သွယ်တိုင်ကြားနိုင်ရန် စီစဉ်ထားပါသည်။

## အာမခံကိုယ်စားလှယ်များလုပ်ငန်းဆောင်ရွက်ရန်ရုံးခန်း





## ဆေးရုံများနှင့်ချိတ်ဆက်ခြင်း

ဤကုမ္ပဏီသည် ငွေပင်ငွေရင်းအသက်အာမခံလုပ်ငန်း၊ စုပေါင်းအသက်အာခံလုပ်ငန်းများကို လက်ခံဆောင်ရွက်မည်ဖြစ်ရာအာမခံထားသူများ၏ကျန်းမာရေးစစ်ဆေးရန်ကိစ္စများ မလွဲမသွေပေါ်ပေါက်လာပါမည်။သို့ဖြစ်ရာဖောက်သည်များအသက်အာမခံထားကြရာတွင် အချိန်တိုတိုနှင့် လွယ်ကူအဆင်ပြေစွာ ကျန်းမာရေးစစ်ဆေးနိုင်ရန်အလို့ငှာ နာမည်ကောင်းရှိသည့် ဆေးရုံများနှင့်ကြိုတင်ညှိနှိုင်း ဆောင်ရွက်ထားခဲ့ပါသည်။ ဤကုမ္ပဏီနှင့်ညှိနှိုင်းစာချုပ်ချုပ်ဆို၍ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရန်ကုန်မြို့ရှိ ဆေးရုံကြီးများမှာ–

| | အမည် | လိပ်စာ |
|---|---|---|
| (၁) | Aung Yadana Hospital | No.5/24, Thirigon Estate, Waizayantar Road, Thingankyun Township, Yangon. |
| (၂) | Victoria Hospital | No.68, Tawwin Street, 9 mile, Mayangone Township,Yangon |
| (၃) | Asia Royal Hospital | No.14, Baho Road, Sanchaung Township, Yangon. |

ယခုနှစ်အတွင်း အသက်အာမခံထားသူပေါင်း (၃၀၀၀)ကျော်ခန့်ကို ဆေးရုံကြီးများမှ အကောင်းဆုံး ဝန်ဆောင်မှုပေး၍ စိတ်ချမ်းမြေ့မှုအပြည့်အဝရအောင်ကျန်းမာရေးစစ်ဆေးပေးနိုင်ခဲ့ပါသည်။အလားတူပင် မန္တလေးမြို့တွင်လည်းနာမည်ကောင်းရထားပြီးသည့် အောက်ပါဆေးရုံကြီးများနှင့် ပူးပေါင်းဆောင်ရွက် လျက်ရှိပါသည်။

| | အမည် | လိပ်စာ |
|---|---|---|
| (၁) | City Hospital | Theikpan Road, Between 65th & 66th Street, Mandalay. |
| (၂) | Nyein Hospital | No. 333, 82nd Street, Between 29th & 30th Street, Mandalay. |
| (၃) | Palace Hospital | 29th Street, Corner of 71st Street, Chan Aye Thar Zan Tsp, Mandalay. |
| (၄) | Royal Rose Hospital | Between 77th & 78th Street, Between 31st & 32nd Street, Mandalay |
| (၅) | Kant Kaw Hospital | 34th Street, Between 78th & 79th Street, Mandalay. |

## Grand Guardian Insurance Public Co., Ltd. နှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် ကားဝပ်ရှော့များ

ဤကုမ္ပဏီမှ အာမခံလက်ခံထားသည့် မော်တော်ကားစင်းရေ (၁၆၅၆)စီး ရှိပါသည်။ ထိခိုက်ပျက်စီးသည့် ယာဉ်များတွင် ရန်ကုန်နှင့်မန္တလေးမှ ယာဉ်ပိုင်ရှင် အာမခံထားသူများ ပါဝင်ပါသည်။ အာမခံထားသည့်ယာဉ်များ ထိခိုက်မှုဖြစ်လျှင် ဝပ်ရှော့များနှင့် ချိတ်ဆက်ပေး၍ ပြုပြင်နိုင်ရန်အတွက် ညှိနှိုင်းစီစဉ်ထားပြီးဖြစ်ပါသည်။ လျော်ကြေးတောင်းခံကြသည့် အာမခံထားသည့် ယာဉ်ပိုင်ရှင်များက ကျေနပ်မှုရှိကြောင်း တွေ့ရှိရပါသည်။ ထိခိုက်မှုဖြစ်ပွားခြင်းကြောင့် ပြုပြင်ပေးခဲ့သည့် ယာဉ်ပိုင်ရှင်များက တိုင်ကြားမှု (Complain) တစ်စုံတစ်ရာ မရှိခဲ့ပါကြောင်း အစီရင်ခံတင်ပြအပ်ပါသည်။ ထိခိုက်မှုဖြစ်ပွားသဖြင့် လျော်ကြေးပေးခဲ့ရသည့် ယာဉ်စင်းရေ စုစုပေါင်း (၁၃၉)စီး ရှိပြီးဖြစ်ပါသည်။

ယာဉ်ထိခိုက်ပျက်စီးမှုများဖြစ်ပွားပါက Customer များအား လျင်မြန်ကောင်းမွန်သော ဝန်ဆောင်မှုများပေးနိုင်ရန် အတွက် ရန်ကုန်တွင်သာမက မန္တလေးတွင်ပါ အောက်ပါဝပ်ရှော့များနှင့် ချိတ်ဆက်၍ စာချုပ်ချုပ်ဆိုထားပြီးဖြစ်ပါသည်။

## ရန်ကုန်မြို့ရှိ ဤကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုထားသော ဝပ်ရှော့များ

| | အမည် | လိပ်စာ |
|---|---|---|
| (၁) | Auto Life Car and Services | No. (D-3,4,5,6) , North Dagon Industrial Zone, Yangon. |
| (၂) | Ko Kyaw Kyaw | No. 10, Corner of Kantkaw Street & Dawna Street, Wainuwun (North Ward), Sanchaung Township, Yangon. |
| (၃) | Ko Htay & Brothers | No. (264/268), Kyimyindine Road (Lower), Ahlone Township , Yangon. |
| (၄) | Japan Netz Auto Car Sale & Service | No (28) , Yadanar Road, South Okkalapa Township, Yangon. |
| (၅) | Toyota (TTAS Co., Ltd.) | No (87/A) , Kabaraye Pagoda Road, Shwegondine, Bahan Township, Yangon. |

## မန္တလေးမြို့ရှိ ဤကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုထားသော ဝပ်ရှော့များ

| | အမည် | လိပ်စာ |
|---|---|---|
| (၁) | Dr. Kyaw Maw | 78th Street, Corner of 37th Street, Mandalay |
| (၂) | U Aung Min | 17th Street, Corner of 81st Street, Mandalay |
| (၃) | MR 2 Aung Aung (Auto Services Centre And PUB-Restaurant) | No. 205, 80th Street, Between 16th & 17th Street, Aung Myay Thar Zan Township, Mandalay. |

## ဤကုမ္ပဏီနှင့် လုပ်ငန်းပူးပေါင်းဆောင်ရွက်သည့် Surveyor , Assessor များ

အာမခံလုပ်ငန်း၏ သဘောသဘာဝအရ အာမခံလက်ခံဆောင်ရွက်ရာတွင် Risk Surveyor များ၏ အကြံဉာဏ်နှင့် ထောက်ခံချက်များ ရယူ၍လည်းကောင်း ၊ ဆုံးရှုံးမှုဖြစ်ပွားလျှင်လည်း ဆုံးရှုံးရသည့်အကြောင်းရင်းနှင့် ဆုံးရှုံးရသည့် အတိုင်းအတာ ပမာဏကို Loss Surveyor / Loss Assessor များ၏ ထောက်ခံချက် ၊ စစ်ဆေးချက်များကို ရယူ၍ ဆောင်ရွက်ရပါသည်။ ဤကုမ္ပဏီအနေဖြင့် လုပ်ငန်းအတွေ့အကြုံရင့်ကျက်သည့် အင်ဂျင်နီယာ၊ Surveyor များနှင့် မီးအာမခံလုပ်ငန်းများကို လက်ခံဆောင်ရွက်လျက်ရှိပါသည်။

အာမခံကုမ္ပဏီတစ်ခုရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် Risk Management သည် လွန်စွာအရေးပါသည့် အခန်းကဏ္ဍမှပါဝင်ပါသည်။ ဤကုမ္ပဏီသည် Risk Management ပြုလုပ်ခြင်းကို လွန်စွာအရေးထားပါသဖြင့် Risk Management Committee တစ်ရပ်ကိုလည်းဖွဲ့စည်း၍ အာမခံကုမ္ပဏီတစ်ခုတွင် ကြုံတွေ့ရနိုင်သည့် အန္တရာယ်အမျိုးမျိုးကို စနစ်တကျလေ့လာ၍စီမံကွပ်ကဲရန်လည်း စီစဉ်ထားရှိပါသည်။ ယေဘုယျအားဖြင့် အာမခံကုမ္ပဏီတစ်ခု အနေဖြင့်

(က) Market Risk

(ခ) Credit Risk

(ဂ) Liquidity Risk

(ဃ) Operation Risk စသည့် အန္တရာယ်များ ကြုံတွေ့နိုင်ပါသည်။ Risk Management Committee သည် ကြုံတွေ့ရနိုင်သည့် Risk များကို စနစ်တကျ ထိန်းချုပ်စီမံကွပ်ကဲနိုင်ရန်အတွက် နည်းလမ်းနှင့် မူဝါဒ (Strategy/ Policy) များ ချမှတ်၍ သက်ဆိုင်သည့်ဝန်ထမ်းအားလုံးနှင့် အခါမလပ်ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက် ရှိပါသည်။

အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ အပိုဒ် ၁၃(စ) အရ "အထွေထွေအာမခံလုပ်ငန်း အမျိုးအစားအလိုက် ပင်မရန်ပုံငွေ" ထူထောင်ရန်နှင့် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်နည်းဥပဒေများ အပိုဒ် ၁၂(က)တွင်လည်း "အသက်အာမခံရန်ပုံငွေ"ထူထောင်ရန် ပြဋ္ဌာန်းချက်များပါရှိပါသည်။ ယင်းပြဋ္ဌာန်းချက်များ ၊ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ညွှန်ကြားချက်များနှင့် အညီ အသက်အာမခံလုပ်ငန်းပိုငွေ ကျပ်သန်း ၂၀၄.၉၆ ကို ရန်ပုံငွေသို့ ပြောင်းလွှဲခဲ့ပါသည်။

အလားတူပင် အထွေထွေအာမခံလုပ်ငန်းအတွက်

* အာမခံရန်ပုံငွေသို့ ကျပ်သန်း ၈၅.၇၉ ကိုလည်းကောင်း
* ပေါ်လစီရှင်များကာကွယ်ရန် ရန်ပုံငွေသို့ ကျပ်သန်း ၄၂.၉၀ ကိုလည်းကောင်း
  အသီးသီးလွှဲပြောင်းထူထောင်ခဲ့ပါသည်။

ယင်းသို့ပြုလုပ်ခြင်းမှာ ကုမ္ပဏီ၏ရေရှည်အကျိုးစီးပွားကိုထောက်ရှု၍ လုပ်ငန်းဆောင်ရွက်မှု ဆိုးရွားသောနှစ်များတွင် ဤရန်ပုံငွေများကို ထုတ်နုတ်သုံးစွဲနိုင်ရန်ဖြစ်ပါသည်။ ကုမ္ပဏီ၏အနာဂတ်တွင် ပေါ်ပေါက်နိုင်သည့်အခက်အခဲများကို မျှော်တွေး၍ ပြဿနာများကို ဖြေရှင်းနိုင်ရန်အတွက် Risk Management ပြုလုပ်ထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

## Reinsurance (တစ်ဆင့်အာမခံထားခြင်း)

အာမခံလုပ်ငန်းကို Risk Sharing ဟုလည်းကောင်း ၊ Risk Undertaking ဟုလည်းကောင်း အများက လက်ခံထားကြပါသည်။ မိမိတာဝန်ယူလက်ခံထားသည့် Risk များကို ကော်မတီအနေဖြင့် စနစ်တကျစီမံခန့်ခွဲရမည့် တာဝန်ရှိပါသည်။ မိမိတာဝန်ယူထားသည့် လုပ်ငန်းများအနက်မှ တာဝန်မယူနိုင်သည့် အစိတ်အပိုင်းကို တစ်ဆင့်အာမခံထားခြင်း Reinsurance သို့မဟုတ် Co-insurance ထားခြင်း မလွဲမသွေလုပ်ဆောင်လေ့ရှိပြီး ယင်းသို့လုပ်ဆောင်ခြင်းသည် Risk Management ၏ လုပ်ငန်းစဉ်တစ်ရပ်ဖြစ်ကြောင်းကိုလည်း အစီရင်ခံတင်ပြပါသည်။

ဤကုမ္ပဏီမှလက်ခံထားသည့် လုပ်ငန်းများကို နိုင်ငံခြားတစ်ဆင့်အာမခံကုမ္ပဏီများနှင့် တိုက်ရိုက်ဆက်သွယ်၍ တစ်ဆင့်အာမခံ ထားခွင့်မရှိသေးပါ။

# အကျိုးတူအရှုံးကျအာမခံစနစ် (Co-insurance Agreement)

တန်ဖိုးကြီးသည့် မော်တော်ကားနှင့် မီးအာမခံလုပ်ငန်းများအတွက် Co-insurance ထားရန်လိုအပ်ပြီး ယင်း Co-insurance System မရှိလျှင် ရေရှည်လုပ်ငန်းလုပ်ရန် အခက်အခဲရှိနိုင်ပါသည်။ ယင်းသို့ တန်ဖိုးကြီးမားသည့် လုပ်ငန်းများကို လက်ခံဆောင်ရွက်ရာတွင် ကုမ္ပဏီတစ်ခုထဲမှ ပေးရန်တာဝန်ရှိ (Liability) အားလုံးကို တာဝန်ယူခြင်းမျိုး မပြုလုပ်ပဲ မြန်မာ့အာမခံ လုပ်ငန်းအပါအဝင် သက်ဆိုင်သည့် အာမခံကုမ္ပဏီများကို အရှုံးကျခွဲဝေပေးခဲ့၍ လျော်ကြေးကိစ္စ ပေါ်ပေါက်လျှင်လည်း အရှုံးကျပေးလျော်သည့် Co-insurance သဘောတူညီချက်ကို (၂၁.၂.၂၀၁၄)ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။ ယင်းသို့အကျိုးတူအရှုံးကျစနစ်တွင် ပူးပေါင်းပါဝင်ခြင်းမှာ ဤကုမ္ပဏီ၏ Risk Management လုပ်ငန်းစဉ်ကို လက်တွေ့အကောင်အထည် ဖော်ခြင်းဖြစ်ပါသည်။

အာမခံကုမ္ပဏီ (၇)ခု ပါဝင်လက်မှတ်ရေးထိုးထားသည့် သဘောတူညီချက်အရ

(၁) မီးအာမခံလုပ်ငန်း ကျပ်သန်း ၅၀၀

(၂) မော်တော်ကားအာမခံလုပ်ငန်း ကျပ်သန်း ၃၀၀ အထိ ဤကုမ္ပဏီမှ လက်ခံနိုင်ပြီး ယင်းပမာဏထက် ပိုလွန်ပါက Co-insurance Pool တွင် ထည့်သွင်းရပါမည်။ ဤကုမ္ပဏီမှ အကျိုးတူအရှုံးကျခွဲဝေပေးသည့် Co-insurance အမှုတွဲများနှင့် အခြားကုမ္ပဏီမှ အကျိုးတူအရှုံးကျခွဲဝေပေးသည့် Co-insurance အမှုတွဲများ အကျဉ်းချုပ်၍ တင်ပြထားပါသည်။

## GGIP မှ အခြားအာမခံကုမ္ပဏီများသို့ ခွဲဝေပေးသည့် Co-insurance

| Case | Sum Insured | Premium |
|---|---|---|
| 57 | 71,342,810,189 | 310,278,080.74 |

## အခြားအာမခံကုမ္ပဏီများမှ GGIP သို့ ခွဲဝေပေးသည့် Co-insurance

| Case | Sum Insured | Premium |
|---|---|---|
| 167 | 9,349,110,107.74 | 44,739,725.44 |

## ပြင်ပစာရင်းစစ်ခန့်ထားခြင်း

ဤကုမ္ပဏီ၏ပြင်ပစာရင်းစစ်အဖြစ် Win Thin & Associates Certified Public Accountants ကို ဤကုမ္ပဏီစတင်ဖွင့်လှစ်ချိန်မှစ၍ ခန့်ထားပါသည်။ ၎င်းအဖွဲ့သည် နာမည်ကောင်းရှိရုံသာမက လုပ်ငန်းအတွေ့အကြုံ ရင့်ကျက်သည့် ပုဂ္ဂိုလ်များဖြစ်ကြပါသဖြင့် ဤကုမ္ပဏီ၏ ဘဏ္ဍာရေးစာရင်းများကို မှန်မှန်ကန်ကန် စစ်ဆေး၍ လိုအပ်ချက်များကိုလည်း တိတိကျကျထောက်ပြနိုင်မည်ဖြစ်ပါသည်။ ကုမ္ပဏီရေရှည် ဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်ရန်အတွက် ဤစာရင်းစစ်အဖွဲ့မှ တည့်မတ်ထိန်းကျောင်း နိုင်မည်ဟုလည်း ယုံကြည်ပါသည်။

## ပြင်ပအကြံပေးအဖွဲ့ခန့်ထားခြင်း

ဤအာမခံကုမ္ပဏီသည် အများပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့်အားလျော်စွာ ကုမ္ပဏီလုပ်ငန်းကိစ္စအဝဝကို ဆောင်ရွက် ရာတွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရာတွင် ပြင်ပမှလုပ်ငန်းကျွမ်းကျင်ပြီး အတွေ့အကြုံရင့်ကျက်သည့် အတိုင်ပင်ခံကုမ္ပဏီများ၏ အကြံဉာဏ်များရယူရန် လိုအပ်မည်ဖြစ်ပါသဖြင့် Win Consulting Limited အား ဤကုမ္ပဏီ ပြင်ပအကြံပေးအဖွဲ့အဖြစ် ခန့်အပ်ခဲ့ပါသည်။

အဓိကအားဖြင့် Win Consulting Limited သည် ဤကုမ္ပဏီ၏ အစုရှယ်ယာရှင်များ အထွေထွေနှစ်ချုပ် အစည်းအဝေးများကျင်းပခြင်း ၊ ဒါရိုက်တာအဖွဲ့ဝင်များရွေးချယ်ခြင်းနှင့် ကုမ္ပဏီပိုင်းဆိုင်ရာနှင့်ပတ်သက်၍ အရေးပါသည့် ကိစ္စမျိုးတွင် တည်ဆဲဥပဒေများ နှင့်အညီ ဖြစ်စေရန်အတွက် စနစ်တကျ ကြပ်မတ်ကူညီဆောင်ရွက်ပေးလျက်ရှိပါသည်။

## ပြည်ပသန်ရှာပညာရှင်အဖွဲ့ငှားရမ်းခြင်း

စင်္ကာပူနိုင်ငံမှ Actuarial Consulting Group ကို ဤကုမ္ပဏီ ပြင်ပအတိုင်ပင်ခံအဖွဲ့အဖြစ် ငှားရမ်းခဲ့ပါသည်။ ACG Group သည် အာရှတိုက်၏ နိုင်ငံတော်တော်များများတွင် လုပ်ငန်းများဆောင်ရွက်ပေးနေသည့် အတွေ့အကြုံ ရင့်ကျက်သည့် ကုမ္ပဏီဖြစ်ပါသည်။ ၎င်းအဖွဲ့က မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့်

၁. အသက်အာမခံလုပ်ငန်း

၂. အထွေထွေအာမခံလုပ်ငန်း

၃. တစ်ဆင့်အာမခံလုပ်ငန်း

၄. Co-insurance လုပ်ငန်း

၅. တိုးချဲ့ဆောင်ရွက်သင့်သည့် New Product များကို

စနစ်တကျလေ့လာသုံးသပ်၍ Product တစ်ခုချင်းအလိုက် အားနည်းချက် ၊ အားသာချက်များကို နိုင်ငံတကာ စံနှုန်းများ နှင့်အညီ ထောက်ပြခြင်း၊ ပြုပြင်သင့်သည်များကို ထောက်ခံအကြံပြုခြင်းများ ပြုလုပ်ပေးခဲ့ပါသည်။

အထူးသဖြင့် အသက်အာမခံ Product များ ခေတ်မှီ၍ ဆွဲဆောင်မှုအားကောင်းလာစေရန် ပြုပြင်ဆောင်ရွက်မည့် နည်းလမ်းများ ၊ တိုးချဲ့ဆောင်ရွက်မည့် New Product များ ၊ အသက်အာမခံလုပ်ငန်းကို ရေရှည်တွင် တန်ဖိုး ဖြတ်ခြင်းလုပ်ငန်း လုပ်ကိုင်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ခြင်းများကို အကြံပြုပေးပါသည်။ အာမခံကုမ္ပဏီ တစ်ခုအတွက် Business Projection လုပ်ရာတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ အခြေခံမှုများ ၊ လုပ်ပုံလုပ်နည်းများ ကိုလည်း ဆွေးနွေးညွှန်ပြပေးပါသည်။

ယင်းအပြင် နိုင်ငံတကာတစ်ဆင့်အာမခံဈေးကွက်တွင် တစ်ဆင့်အာမခံထားရှိရမည့် ကိစ္စများကိုလည်း ACG Group မှ ကူညီဆောင်ရွက်ပေးပါသည်။ ယင်းကုမ္ပဏီသည် တစ်ဆင့်အာမခံလုပ်ငန်းတွင် နိုင်ငံတကာအတွေ့အကြုံရှိသည့် ကုမ္ပဏီဖြစ်ပါသည်။

ဤကုမ္ပဏီသည် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကို အဓိကဦးစားပေးလုပ်ငန်းတစ်ခုအဖြစ် သတ်မှတ်၍ အစဉ်တစိုက် ဆောင်ရွက်ခဲ့ရာ (၂၀၁၃ - ၂၀၁၄) ဘဏ္ဍာရေးနှစ်အတွင်း သင်တန်းအမျိုးအစား (၂၀) ကို ရက်ပေါင်း (၁၉၀) ရက် ပို့ချခဲ့ပြီးဖြစ်ပါသည်။ ပို့ချပြီးသည့် သင်တန်းအမျိုးအစားများတွင် အဓိကဖြစ်သည့်

၁။ အာမခံလုပ်ငန်း အခြေခံသင်တန်း
၂။ Product Specialization Training
၃။ Orientation Training
၄။ Site Survey Training
၅။ Sales & Marketing Training
၆။ Personal Grooming Training
၇။ HR Development Training
၈။ မြန်မာ့အာမခံလုပ်ငန်းတွင် On Job Training
၉။ Financial Management Training
၁၀။ Business English Training သင်တန်းအမျိုးအစားများ ပါဝင်ပါသည်။










(၂၀၁၄ - ၂၀၁၅) ဘဏ္ဍာရေးနှစ်အတွက် Training Calendar ကို ရေးဆွဲပြီးဖြစ်ရုံသာမက ဤကုမ္ပဏီ၏ လူသားအရင်းအမြစ် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမည့် သင်တန်းများပေးရန်လည်း ရည်ရွယ်ပါသည်။

